ABSDF CNF KNU

## မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့ (UNCT)၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ် (UNSE)၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ နှင့် JPF (Joint Peace Fund) သို့ ပေးပို့သော အိတ်ဖွင့်ပေးစာ

*ဤ အိတ်ဖွင့်ပေးစာသည် အချို့သော သံတမန်များ မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကို "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကြားနေအဖွဲ့အစည်း" အဖြစ် အဆိုပြုခြင်း နှင့် ထိုအဆိုပြုမှုတွင် NCA နှစ်ပတ်လည် အခမ်းအနားသို့ KNU မှ ပါဝင်တက်ရောက်သည်ဟု ကိုးကားကာ KNU ၏ သဘောတူညီမှုလည်းပါဝင်ကြောင်း မှတ်ယူမှုကို တုံ့ပြန်သည့် စာဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂရုံး အဖွဲ့ မှလည်း ထိုမှားယွင်းနေသည့် အနေအထားကို ယုံကြည်နေပြီး အားပေးမြှင့်တင်မှုများ ပြုလုပ်နေသည်ဟု မိမိတို့ နားလည်ရပါသည်။ JPF အဖွဲ့ဝင်နိုင်ငံများအပါအဝင် ကုလသမဂ္ဂနှင့် ယင်းအဖွဲ့ဝင် နိုင်ငံများအား ထို နားလည်မှုမှားယွင်းခြင်းအား ပြင်ဆင်နိုင်ရန် ဤအိတ်ဖွင့်ပေးစာကို ရေးသားရခြင်းဖြစ်ပါသည်။ ထို့အတူ အလွန်လိုအပ်နေသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအပေါ် စစ်ကောင်စီမှ ပြောင်ပြောင်တင်းတင်း လက်နက်သဖွယ် အသုံးပြုနေမှုကို ABSDF၊ CNF၊ KNU နှင့် EROs များမှ တန်ပြန် ဆောင်ရွက်နေမှုအား ရှင်းလင်းပြရန် ဤ အိတ်ဖွင့်ပေးစာကို ရေးသားရခြင်းလည်း ဖြစ်ပါသည်။*

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်

လေးစားအပ်ပါသော ဂုဏ်သရေရှိ လူကြီးမင်းများ နှင့် မိတ်ဆွေများသို့၊

မြန်မာနိုင်ငံရှိ အချို့သော သံတမန်အဖွဲ့များ နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ပြီးပျက်သွားခဲ့ပြီးဖြစ်သော NCA ၏ လုပ်ငန်းစဉ်မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကို "လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကြားနေအဖွဲ့အစည်း" အဖြစ် အဆိုပြုကာ အားပေးမြှင့်တင်ဆောင်ရွက် နေသည်ကို ကြားသိရသည့်အတွက် မိမိတို့ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ တနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့မှ အလွန် စိုးရိမ်မိပါသည်။ ထိုအဆိုပြုမှုလုပ်ငန်းစဉ်အား KNU ၏ သဘောတူညီမှုပါဝင်ကြောင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် ကျင်းပသည့် (၈) ကြိမ်မြောက် NCA နှစ်ပတ်လည် အခမ်းအနားသို့ KNU မှ ပါဝင်တက်ရောက်သည်ဟု ကိုးကားပြီး ပြောဆိုကြောင်း မိမိတို့နားလည်ရပါသည်။

## NCA နှင့် JMC

NCA နစ်ပတ်လည်ကျင်းပမှုနှင့် ပတ်သက်၍ မိမိတို့၏ အောက်တိုဘာလ (၁၂) ရက် 'ပူးတွဲသဘောထား ထုတ်ပြန်ချက်' နှင့် အောက်တိုဘာ (၁၃) ရက် 'နိုင်ငံတကာသို့အိတ်ဖွင့်ပေးစာ' တို့တွင် ထည့်သွင်းပြောဆိုခဲ့သလို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုသည် NCA ၏ အခြေခံမူများ နှင့် ရည်မှန်းချက်များကို ချိုးဖောက်ခဲ့ ခြင်းဖြစ်ပြီး ထိုချိုးဖောက်မှုကြောင့် NCA အား ဆက်လက်အကောင်အထည် ဖော်နိုင်ခြင်း မရှိတော့ပေ။ စစ်အာဏာသိမ်းပြီးနောက် စစ်တပ်မှ ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (စစ်ကောင်စီ) သည် အားလုံးပါဝင်သော ငြိမ်းချမ်းရေးဖြစ်စဉ် လမ်းကြောင်းအား ယိုယွင်းပျက်စီးစေကာ ရပ်တန့်သွားစေခဲ့သလို ရွေးကောက်ခံ ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခြင်းဖြင့် တိုင်းပြည်၏ ဒီမိုကရေစီ တည်ဆောက်မှုကိုလည်း ဖျက်ဆီးခဲ့သည်။ စစ်ကောင်စီ၏ လက်နက်ကိုင်တပ်ဖွဲ့များမှ အဆက်မပြတ် လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ နေအိမ်များ မီးရှို့မှုများ၊ အကျဉ်းချမှုများ နှင့် ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုများ ကြောင့် အမျိုးသမီး နှင့် ကလေးသူငယ်များ အပါအဝင် များစွာသော အရပ်သား ပြည်သူများ ထိခိုက်အသက် ဆုံးရှုံးမှုများ ရှိခဲ့သလို ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ နှင့် ဘာသာရေး အဆောက်အအုံများလည်း ပျက်စီးခဲ့ရပါသည်။ ထိုကဲ့သို့ ထပ်ခါတလဲလဲ ပြည်သူကိုပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခြင်း ဖြစ်သည်။ NCA စာချုပ်ပါ ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေများကို အခြေခံထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုလုပ်ဆောင်ချက်များသည် NCA ပျက်ပြယ်မှုကို ပိုမို ခိုင်မာစေပြီး စစ်တပ်က ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာခြင်း နည်းလမ်းကို စွန့်လွှတ်ကြောင်း ပေါ်လွင်စေပါသည်။

## လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ

စစ်ကောင်စီ ထိန်းချုပ်မှုအောက် ယုံကြည်မှုပျောက်ဆုံးကာ အကောင်အထည်ဖော်ရန်မဖြစ်နိုင်တော့သည့် NCA အရ ဖွဲ့စည်းထားသော JMC ကို "ကြားနေအဖွဲ့အစည်း" အဖြစ် ဆက်လက်အားပေးမြှင့်တင်ပေးလိုသော သံတမန် အသိုက်အဝန်း နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းအချို့ကို မိမိတို့ အလွန်စိတ်ပျက်မိပါသည်။ ကုလသမဂ္ဂ နှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် လုပ်ဆောင်ပေးနိုင်သည့် အာဏာပိုင်များ နှင့် အဖွဲ့အစည်းများအားလုံးတို့နှင့် လက်တွဲ၍ အမှန်တကယ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အလိုအပ်ဆုံးဖြစ်နေသောပြည်သူများကို ထောက်ပံ့ကူညီပေးရမည့်အစား လူသားဖြစ်တည်မှုအခြေခံမူများကို လျစ်လျူရှုကာ စစ်ကောင်စီ၏ 'လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ' အား လက်နက်သဖွယ် အသုံးချ ချယ်လှယ်နေမှုကို အားပေးသကဲ့သို့ ဖြစ်နေပါသည်။

မိမိတို့၏ ပထမအရေးကြီးဆုံး ဦးစားပေးမှုမှာ မိမိတို့ပြည်သူလူထု၏ လုံခြုံရေး၊ ကျန်းမာရေး နှင့် ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းများ ဖြစ်ကြောင်း လူကြီးမင်းများ သိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းတို့ နှင့် အခြားအလှူရှင်များမှ စစ်ကောင်စီနှင့် သဘောတူပြုလုပ်ထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကမကထများ နှင့် ထိုစစ်ကောင်စီ စစ်တပ်မှပင် တိုက်ခိုက်မှုများကြောင့် ထိခိုက်ခံစား နေရသည့်နေရာများအကြား ခိုင်မာသည့် အကာအကွယ်များ ထားရှိရန် မဖြစ်မနေလိုအပ်ပါသည်။ မိမိတို့သည် သတင်းပေါက်ကြားမှုများအား ရှောင်ရှားရန်လိုအပ်သလို ထိခိုက်ခံစားရသူများနှင့် ၎င်းတို့မိသားစုများ၏ လုံခြုံမှု

အတွက်လည်း စိတ်ချမှုရှိရန် လိုအပ်ပါသည်။ စစ်ကောင်စီ မှ အလုံးစုံပျက်သုန်းသွားစေရန်ရည်ရွယ်၍ ကြိုးပမ်းတိုက်ခိုက်နေသော နယ်မြေများနှင့် ၎င်းနယ်မြေများရှိ များပြားစွာသော စစ်ရှောင်ပြည်သူလူထုအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန်အတွက် လူကြီးမင်းတို့မှ စစ်ကောင်စီ၏ စီမံခန့်ခွဲမှုအောက်ရှိ အဖွဲ့အစည်းကို အားပေးမြှင့်တင်ပေးခြင်းသည် ယုတ္တိရှိသော ဆောင်ရွက်မှုမျိုး မဟုတ်သလို လက်ခံ၍ လည်း မရပါ။

စစ်ကောင်စီ၏ တားဆီးမှု နှင့် ဝင်ရောက်စွက်ဖက်ချယ်လှယ်မှု မရှိဘဲ ထိခိုက်ခံစားနေရသော ပြည်သူလူထုအားလုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လက်ခံရရှိနိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကမကထပြုမှု လမ်းကြောင်းနှစ်ခု ဆောင်ရွက်သွားရန် နှင့် ထိုလမ်းကြောင်းနှစ်ခုတွင် စစ်ကောင်စီ ထိန်းချုပ်သော နယ်မြေများ နှင့် စစ်ကောင်စီမှ တိုက်ခိုက်နေသော နယ်မြေများဟူ၍ ပိုင်းခြားကာ အကူအညီများ ပေးအပ်သွားရန်ဖြစ်သည်။ လိုအပ်သည့် အကန့်အသတ်ပိုင်းခြားမှုများနှင့်အတူ အပြန်အလှန် ဖြည့်စွက်ပေးသွားနိုင်မည့် နည်းလမ်းများကို မိမိတို့ရှာဖွေသွားရမည် ဖြစ်သည်။

**KNU နှင့် NCA နှစ်ပတ်လည် အခမ်းအနား**

KNU မှ CNF နှင့် ABSDF တို့နှင့်အတူ ပူးတွဲ သဘောထားထုတ်ပြန်ချက်နှင့် နိုင်ငံတကာသို့ ပေးပို့သော အိတ်ဖွင့်ပေးစာတွင် NCA နှင့် JMC ကဲ့သို့ NCA အရ အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားရှိမှုတို့သည် ပျက်ပြယ်သွားပြီဖြစ်ကြောင်း ရှင်းလင်းစွာတွေ့နိုင်ပါသည်။ KNU မှ အနားယူသွားပြီး ဖြစ်သော ယခင်ခေါင်းဆောင်ဟောင်းအချို့ တစ်ဦးချင်းပုဂ္ဂိုလ်ရေးအရ NCA နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းအား မတည်ရှိတော့သည့် NCA နှင့် ယင်း NCA အရ ယခင်က "ပူးတွဲ" အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဖွဲ့စည်းထားမှုများကို အသိအမှတ်ပြုထောက်ခံသည်ဟု မမှတ်ယူသင့်ပါ။ တက်ရောက်ခဲ့သူများသည် ၎င်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော KNU နှင့် ABSDF တွင် တာဝန်ထမ်းဆောင်စဉ်ကာလ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင် အဓိကပုဂ္ဂိုလ်များ ဖြစ်သည့်အတွက် တစ်ဦးချင်းပုဂ္ဂိုလ်ရေးအရ ပါဝင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဦးသိန်းစိန်အစိုးရ လက်ထက် နှစ်ဖက်အပစ်ခတ်ရပ်စဲရေးမှစ၍ ၂၀၁၅ ခုနှစ် NCA ရေးထိုးမှု နှင့် နိုင်ငံရေးဆွေးနွေးခဲ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်တလျှောက် မိမိတို့မှ လေးလေးနက်နက် ပါဝင်ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ရေးဦးစီးချုပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ရွေးကောက်ခံအစိုးရအား ဖြုတ်ချကာ စစ်အာဏာသိမ်းမှုအားဖြင့် ဤငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖျက်စီးသွားခဲ့ခြင်းအတွက် မိမိတို့က လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။

စစ်ကောင်စီ၏ မှန်ကန်မှုမရှိဘဲ ထိခိုက်နှစ်နာမှုများဖြစ်ပေါ်စေသည့် ဝါဒဖြန့် လုပ်ဆောင်ပြောဆိုနေမှုများအား နိုင်ငံတကာအဖွဲ့အစည်းများမှ အားပေးမြှင့်တင်မှုများပြုလုပ်နေလျှင် မိမိတို့ အနာဂတ် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ကြီးမားသော ယုံကြည်မှုပျက်ပြားခြင်း၊ ပြည်သူလူထုမှ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဤတိုင်းပြည်အရေးတွင် ပါဝင်မှုအပေါ် အဆိုးမြင်သွားစေခြင်း နှင့် စည်းလုံးညီညွတ်ခြင်းထက် ကွဲပြားသွားစေခြင်း စသည့်

အန္တာရယ်များ ဖြစ်လာနိုင်သလို စစ်ကောင်စီ၏ လူ့အခွင့်အရေး ဆိုးဝါးစွာ ချိုးဖောက်မှုများကို အားပေးသလို ဖြစ်သွားစေနိုင်ပါသည်။

တရားမဝင်အာဏာသိမ်းယူထားသော စစ်အာဏာရှင်များကို ထောက်ခံအားပေးမှု နှင့် ၎င်းတို့ ဖော်ဆောင်နေမှု များအား ယုံကြည်မှုမပြုဘဲ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ကူညီ ပေးခြင်း၊ စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်လွယ်သော အရပ်သား ပြည်သူများကို ကာကွယ်နိုင်ရန် အခြေခံအဆောက်အအုံများ ကူညီပေးခြင်း နှင့် အနာဂတ် အေးချမ်းသော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရန် ဆောင်ရွက်နေသော တိုင်းရင်းသားများနှင့် ဒီမိုကရက် တစ် အဖွဲ့အစည်းများအား ထောက်ခံကူညီ ပေးသွားရန် လူကြီးမင်းတို့အား မိမိတို့ မေတ္တာရပ်ခံတောင်းဆိုပါသည်။ မိမိတို့ နိုင်ငံတကာသို့ အိတ်ဖွင့်ပေးစာတွင် ပါရှိသည့်အတိုင်း တွေ့ဆုံဆွေးနွေးရေးကို လက်ရှိဖြစ်ပွားနေသော စစ်ရေး နှင့် နိုင်ငံရေး ပဋိပက္ခကို ဖြေရှင်းရန် နည်းလမ်းအဖြစ် မိမိတို့ ယုံကြည်ပါသည်။ သို့သော် စစ်ကောင်စီ လက်နက်ကိုင်တပ်ဖွဲ့များမှ ဆက်လက်၍ ပြည်သူလူထုအား တိုက်ခိုက်မှုများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှု များကို ကျူးလွန်နေလျှင် တွေ့ဆုံဆွေးနွေးရေးသည်လည်း မရှိနိုင်ပါ။

ရဲဘော်သံခဲ
ဥက္ကဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး

ဒေါက်တာရွှေခါးရဲ
ဒုဥက္ကဌ (၃)
ချင်းအမျိုးသားတပ်ဦး

ပဒိုစောကွယ်ထူးဝင်း
ဥက္ကဌ
ကေအဲန်ယူ-ကရင်အမျိုးသားစည်းအရုံး